# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

November 3 , 2022 | Volume 60, Number 3


၃.၁၁.၂၀၂၂

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၆၃၉ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၃၀၀၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၀၄၉.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၄၇၇.၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၃၆၅.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၂၂.၉ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၆.၉၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၃၂၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၇.၁၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၂.၆၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၅.၂၉၂ ကျပ် |

Source: CBM Rate, etrademyanmar.com

## ဆိုးလ်မြို့၌ ကျင်းပလျက်ရှိသည့် Seoul Food Week 2022 တွင် မြန်မာ့စားသောက်ကုန်ကုမ္ပဏီ (၁၀) ခုတို့က စားသောက်ကုန်များ ပါဝင်ပြသလျက်ရှိ



https://myantrade.gov.mm

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ COEX Convention Center ၌ ကျင်းပလျှက်ရှိတဲ့ "Seoul Food Week 2022" တွင် မြန်မာနိုင်ငံမှ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သည့် စားသောက်ကုန်ထုတ်လုပ်သည့် လုပ်ငန်းရှင်အဖွဲ့ (၁၂) ဦးတို့က ပါဝင်ပြသလျက်ရှိပါသည်။

Seoul Food Week 2022 စားသောက်ကုန်ကုန်စည်ပြပွဲကို နိုဝင်ဘာ (၂) ရက်မှ (၅) ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး၊ ပြပွဲတွင် မြန်မာ့စားသောက်ကုန်ပစ္စည်းထုတ်လုပ်သည့် ကုမ္ပဏီ (၁၀) ခုတို့မှ ၎င်းတို့၏ စားသောက်ကုန်များအား ခင်းကျင်းပြသလျက်ရှိပါသည်။

အဆိုပါပြပွဲသို့ ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသန့်စင်သည် မြန်မာနိုင်ငံပြခန်းသို့ သွားရောက်ကြည့်ရှုအားပေးခဲ့ပါသည်။ ပြပွဲကို စိတ်ပါဝင်စားတဲ့ ကိုရီးယားပြည်သူအများအပြား လာရောက်ကြည့်ရှုလျက်ရှိပြီး ကိုရီးယားစီးပွားရေးလုပ်ငန်းရှင်များနှင့်လည်း အပြန်အလှန်အကျိုးတူ မိတ်ဆက်ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိပါသည်။

Category: International News

https:// myantrade.gov.mm/article/%E1%80%86%E1%80%AD%E1% 80%AF%E1%80%B8%E1%80%9C%E1%80%BA%E1%80% 99%E1%80%BC%E1% 80%AD%E1%80%AF% E1%80%B7%E1

## နှစ်နိုင်ငံအကြား G to G စာချုပ်အရ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်တင်ပို့မှုအခြေအနေ

မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ နှစ်နိုင်ငံအစိုးရတို့အကြား ဆန်စပါးကုန်သွယ်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ (Memorandum of Understanding – MoU) ကို ၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် လက်မှတ်ရေးထိုးခဲ့သည်။ အဆိုပါ နားလည်မှု စာချွန်လွှာအရ ၂၀၂၂ ခုနှစ်မှ ၂၀၂၇ ခုနှစ်အထိ မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နှစ်စဉ်အများဆုံး ဆန်ဖြူတန်ချိန် (၂၅၀၀၀၀) နှင့် ပေါင်းဆန် တန်ချိန် (၅၀၀၀၀) တို့အား တင်ပို့ရောင်းချနိုင်မည်ဖြစ်သည်။ အဆိုပါ MoU အရ မြန်မာနိုင်ငံမှာ Myanmar Rice Federation – MRF နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ Directorate General of Food တို့မှ ညှိနှိုင်းမထ ၅% တန်းမြင့်ဆန် တန်ချိန် (၂၀၀၀၀၀) တင်ပို့ရန် သဘောတူစာချုပ် (Sales Contract) ကို ချုပ်ဆိုခဲ့ပြီး တင်ပို့နိုင်ရေးအတွက် လိုအပ်သည်များ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ Sales Contract အရ ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့အထိ


CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၈
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

မြန်မာနိုင်ငံမှ ဆန်တန်ချိန် (၂၀၀၀၀) ကျော် တင်ပို့နိုင်ခဲ့ပြီးဖြစ်သည်။ တင်ပို့ရန်ကျန်ရှိသည့် ဆန်များအနက် ဆန်တန်ချိန် (၁၅၀၀၀) ကျော်မှာ သင်္ဘောတင်ဆဲဖြစ်ပြီး ကျန်ရှိသည့် ဆန်တန်ချိန် (၁၅၀၀၀၀) ကျော်ကို သတ်မှတ်ကာလအတွင်း ပြည့်မီအောင် တင်ပို့နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

Source: https://www.commerce.gov.mm/my/article/%E1%80%94%E1%80%B1%E1%80%AC%E1%80%80%E1%80% BA%E1%80%86%E1%80%AF%E1%80%B6%E1%80%B8%E1%80%9B–

## တရုတ်ဘက်မှ ကြံတစ်တန်လျှင် ငွေကျပ် နှစ်သိန်းကျော်ဈေးဖွင့်ဝယ်ယူမှုကြောင့် ဈေးကောင်းရ



Source: မကွေးဂျာနယ်

မြန်မာနိုင်ငံနယ်စပ်ဒေသများတွင် စိုက်ပျိုးထုတ်လုပ်သည့် ကြံများကို တရုတ်ဘက်မှ ဝယ်လိုအားကောင်းမွန်ပြီး နှစ်စဉ်တင်ပို့လျက်ရှိရာ ယခုနှစ် ကြံရာသီ၌ ကြံတစ်တန်လျှင် ယွမ်ငွေ ၄၅၀ (မြန်မာငွေ နှစ်သိန်းကျော်) ဈေးဖွင့် ဝယ်ယူမည်ဖြစ်ရာ ဈေးကောင်းရရှိကြောင်း ကြံ၊ သကြားလုပ်ငန်းရှင်တစ်ဦးထံမှ သိရသည်။

ပြည်တွင်းမှ အချို့သကြားစက်များမှာ ကြံတစ်တန် ဝယ်ယူဈေးကို ငွေကျပ် ၉၀၀၀၀ ဝန်းကျင် ဈေးဖွင့်ထားရာ နယ်စပ်ဒေသများမှ ကြံစိုက်တောင်သူများ ဈေးပိုမို ရရှိသော်လည်း သယ်ယူပို့ဆောင်စရိတ်လည်း ပိုမိုသည်ဟု ဆိုသည်။

“နယ်စပ်တွေမှာ ကြံအထွက်နှုန်းကောင်းတယ်။ တရုတ်ဘက်ကလည်း သူနဲ့နီးတဲ့ ဒေသတွေဖြစ်လို့ ထွက်သမျှဝယ်တယ်။ ငွေလဲနှုန်းအရ ဈေးပိုရတဲ့ အနေအထားပါ။ သပိတ်ကျင်း၊ ပျဉ်းမနား၊ ကသာ၊ နောင်ချိုဒေသတွေက ထွက်တဲ့ကြံတွေကို တရုတ်ဘက်တင်ပို့ဖို့ မလွယ်တော့ ပြည်တွင်းက နီးတဲ့သကြားစက်တွေမှာပဲ ရောင်းကြတယ်”ဟု ၎င်းကပြောသည်။

မြန်မာနိုင်ငံ နယ်စပ်ဒေသများဖြစ်သည့် လောက်ကိုင်၊ ချင်းရွှေဟော်၊ နမ့်ခမ်း၊ လွယ်ဂျယ်၊ မူဆယ်တို့တွင် ဘိန်းအစားထိုးသီးနှံအဖြစ် ကြံများစိုက်ပျိုးလျက်ရှိရာ အထွက်နှုန်းကောင်းသကဲ့သို့ တရုတ်သကြားစက်များ၏ ဝယ်လိုအားကောင်းသဖြင့် ကိုဗစ်စည်းကမ်းများကြောင့် ကြံတင်ပို့နိုင်မှု လျော့ကျမှုမရှိရေးအတွက် Green Line မှ ခွင့်ပြုပေးရန် လိုအပ်ကြောင်း သိရသည်။

“တရုတ်သကြားစက်တွေက ကြံထွက်သလောက်ဝယ်ပြီး စိုက်ဖို့မျိုးလည်း ထုတ်ပေးတယ်။ ကိုဗစ်စည်းကမ်းတွေကြောင့် ဂိတ်တွေက အဝင်မခံတာ။ မနှစ်က ကိုဗစ်စည်းကမ်းတွေနဲ့ ထင်သလောက် မပို့နိုင်ခဲ့ဘူး။ ဒါကြောင့် ဒီနှစ်မှာ တရုတ်ဘက်ကို Green Line နဲ့ ကြံတင်ပို့နိုင်ဖို့ လိုပါတယ်”ဟု၎င်းကပြောသည်။

တရုတ်ဘက်သို့ ကြံတင်ပို့မှု စာရင်းများအရ ကြံတန်ချိန် အများဆုံး ၁၀ သိန်းဝန်းကျင်ထိ တင်ပို့နိုင်ခဲ့ကာ နယ်စပ်မှ စိုက်ပျိုးထွက်ရှိသမျှကြံကို ဝယ်ယူနေခြင်းဖြစ်၍ ကြံစိုက်ဧက များပြားမှုကြောင့် ကြံထွက်နှုန်းလည်း များပြားကြောင်း သိရသည်။

Source: မကွေးဂျာနယ်

## Beibu ပင်လယ်ကွေ့ဆိပ်ကမ်းနှင့် မြန်မာနိုင်ငံ တိုက်ရိုက်ရေကြောင်းလိုင်း တရားဝင်ဖွင့်လှစ်

ကွမ်ရှီးပြည်နယ် Beibu ပင်လယ်ကွေ့ဆိပ်ကမ်း ချင်းကျိုးဆိပ်ကမ်းဇုန်သို့ ရန်ကုန်မြို့မှ တိုက်ရိုက်ရေကြောင်း ကုန်စည်ပို့ဆောင်ခြင်းကို အောက်တိုဘာ ၂၈ ရက်က ဖွင့်လှစ်နိုင်ခဲ့ကြောင်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ ယမန်နေ့ (နိုဝင်ဘာ ၁ ရက်) က ထုတ်ပြန်သည်။

ရန်ကုန်မြို့မှ ချင်းကျိုးဆိပ်ကမ်းဇုန်သို့ SITC Venus သင်္ဘော စတင်ရောက်ရှိခြင်းဖြင့် ဖွင့်လှစ်နိုင်ခြင်းဖြစ်ကြောင်း ဆိုထားသည်။ ရေလမ်းကြောင်း ဖွင့်လှစ်ခြင်းကြောင့် Beibu ပင်လယ်ကွေ့ဆိပ်ကမ်းနှင့် ဒေသတွင်းအကြား အဆင်ပြေချောမွေ့သော ရေလမ်းကြောင်းတစ်ခု တိုးလာခြင်းဖြစ်ကြောင်း၊ အဆိုပါရေကြောင်းကို အပတ်စဉ် သင်္ဘောလေးစင်းဖြင့် ပြေးဆွဲပြီးဆိုက်ကပ်မည့် ဆိပ်ကမ်းများမှာ ချင်းကျိုး–နန်ရှား–ရှယ်ခို–ခလန်–ရန်ကုန်–ဘီလာဝမ်–ခလန်–နန်ရှား–ရှယ်ခို–ဟိုင်ဖုန်–ချင်းကျိုးတို့ဖြစ်ကြောင်း ဖော်ပြထားသည်။

ရေလမ်းကြောင်းသစ်ဖြင့် ကုန်စည်ပို့ဆောင်ခြင်းသည် ချင်းကျိုးဆိပ်ကမ်းမှ မြန်မာနိုင်ငံသို့ (၁၂) ရက်ခန့်သာ ကြာမြင့်မည်ဖြစ်ပြီး လမ်းခရီးတွင် တစ်ဆင့်ပြောင်းရသည့် လမ်းကြောင်းများထက် ၄၀ ရာခိုင်နှုန်းခန့် ကြာချိန်လျှော့ချနိုင်မှာဖြစ်ကြောင်း သိရသည်။

Source: http://sdtimedaily.com/

## ပြည်တွင်း ဆန်ဈေးမြင့်မားနေချိန် မန္တလေးဈေးကွက်သို့ အိန္ဒိယ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်း မှ ဆန်များဝင်ရောက်နေ



Source: မကွေးဂျာနယ်

ပြည်တွင်း ဆန်ဈေးမြင့်မားနေချိန် မန္တလေးဈေးကွက်သို့ အိန္ဒိယနယ်စပ် ကုန်သွယ်ရေး လမ်းကြောင်းမှ ဆန်များဝင်ရောက်နေကြောင်းသိရသည်။ မန္တလေးဈေးကွက်သို့ ဈေးနှုန်းသက်သာသော အိန္ဒိယဆန်များ ဝင်ရောက်လျက်ရှိရာ ဝယ်လိုအားကောင်းနေပြီး စားသုံးသူသက်သာချောင်ချိရေးအတွက် ရည်ရွယ်၍ အိန္ဒိယဘက်မှ ပြည်တွင်းထွက် သုခဆန်ကဲ့သို့ စားသုံးနိုင်သည့် ဈေးနှုန်းသက်သာသော ဆန်များမှာ မန္တလေးဈေးကွက်သို့ နိုဝင်ဘာ ၁ ရက်မှ စတင်ဖြန့်ချိရောင်းချလျက်ရှိရာ ဝယ်လိုအား ကောင်းနေကြောင်း သိရသည်။ အိန္ဒိယမှ ဆန်များ တင်သွင်းမှုမှာ ယခုမှမဟုတ်ဘဲ ယခင်နှစ်များမှာလည်း ပြည်တွင်းဆန်ဈေးထက် ဈေးနှုန်းသက်သာချိန်တွင် ဆန်ကုန်သည်အချို့က တင်သွင်းရောင်းချမှုများ ရှိခဲ့သည်ဟု ဆိုသည်။

"ဒီနှစ် စက်တင်ဘာတုန်းက စမ်းသပ်တဲ့သဘောနဲ့ သွင်းခဲ့တာ။ အားလုံးရောင်းကုန်သွားတယ်။ သုခဆန်လို နူးညံ့တယ်။ ဆန်အိုးတက်မယ်။ ပိုးမပါဘူးဆိုတာ အာမခံတယ်။ စမ်းသပ်တင်သွင်းတုန်းက မှာထားသူတွေရဲ့ Pre Order တွေ ပို့ပေးနေပြီ။ အဓိကတော့ စားသုံးသူတွေ ဈေးသက်သာဖို့ပါ။ မန္တလေးစက်မှုဇုန်မှာ ဝယ်ယူနိုင်ပါတယ်" ဟု အိန္ဒိယဆန် တင်သွင်းရောင်းချသူက ပြောသည်။

အဆိုပါဆန်သား ၈၅% အမျိုးအစားမှာ မိုးအသွယ်ဆန်အဟောင်းဖြစ်၍ ပိဿာ ၃ဝ တစ်အိတ် (တစ်ပိုင်း)လျှင် ပွဲရုံအထိုင်ဈေး ငွေကျပ် ၃၇၅ဝဝ နှင့် ရောင်းချပေးပြီး အထူးလက်ကားဈေးနှုန်းလည်းရှိကြောင်း၊ စားသုံးသူများ ဈေးသက်သာစွာဝယ်ယူစားသုံးနိုင်ရေးအတွက် ယခုကဲ့သို့ တင်သွင်းရောင်းချခြင်းဖြစ်ကြောင်း သိရသည်။ လက်ရှိ ပြည်တွင်းရှိဆန်အဟောင်းဈေးကွက်မှာ တစ်တင်းခွဲတစ်အိတ်လျှင် ကျပ် ၄၅ဝဝဝ ဝန်းကျင် အနိမ့်ဆုံး ပေါက်ဈေးရှိနေကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## မုဒုံမြို့နယ်၌ ဒေသထွက် ရော်ဘာအစေးခံ မြေစဉ့်ခွက်များကို မိရိုးဖလာလုပ်ငန်းအဖြစ် စဉ်ဆက်မပြတ်လုပ်ကိုင်လျက်ရှိ



Sourse: မြန်မာ့အလင်း

မွန်ပြည်နယ် မုဒုံမြို့နယ် နိုင်လုံ့ကျေးရွာ၌ မွန်ရိုးရာလက်မှုပညာ မိရိုးဖလာ လုပ်ငန်းတစ်ခုဖြစ်သည့် ရော်ဘာအစေးခံ မြေစဉ့်ခွက်များကို စဉ်ဆက်မပြတ် လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

ရော်ဘာအစေးခံ စဉ့်ခွက်ကို မြေထည်ဖြင့် အဓိကလုပ်ကိုင်ရပြီး ကုန်ကြမ်းမြေကြီးကို ကျေးရွာများတွင်ရှိသည့် ကန်အဟောင်းမှရရှိကြောင်း၊ ရွှံ့မြေကြီးများကို အခြောက်လှန်းကာ စက်ဖြင့်ကြိတ်ရပြီး ထွက်ရှိလာသည့် ရွှံ့မြေကြီးအမှုန့်များကို ရေထည့်ထားသည့် ကန်အတွင်း၌ စိမ်ထားရကြောင်း၊ ယင်းစိမ်ထားသည့် ရွှံ့မြေကြီးများကိုနင်း၍ ပြုလုပ်သူများက လက်ဖြင့်သာ ပုံဖော်ပြီး ထွက်ရှိလာသော မြေခွက်များကို နေလှန်းထားရကြောင်း၊ နေလှန်းပြီးမြေခွက်များ အကြမ်းခံ မာကြောစေရန်အတွက် ခုနစ်နာရီကြာ မီးဖုတ်ဖိုဖြင့် မီးဖုတ်ပေးရကြောင်း၊ မြေခွက်ပုံဖော်ပြီး ရောင်းတမ်းဝင်စဉ့်ခွက်များ ဖြစ်သည်အထိ နှစ်ရက်ကြာ ပြုလုပ်ရကာ လုပ်သားတစ်ဦးလျှင် အိုးထိန်းစက်ဖြင့် တစ်ရက်ကို မြေစဉ့်ခွက်ပုံကြမ်း အလုံး ၃ဝဝ ကျော် ရရှိကြောင်း နိုင်လုံ့ကျေးရွာ အရှေ့ပိုင်းနေ ၄၅ နှစ်ကြာ မြေအိုး၊ စဉ့်ခွက်၊ ပန်းအိုး ပြုလုပ်သူ ဦးငွေဝင်းထံမှ သိရသည်။

ရော်ဘာအစေးခံ မြေစဉ့်ခွက်များသည် တခြားပလတ်စတစ် ကော်ခွက်များထက် ဈေးကြီးသော်လည်း ရေရှည်ခိုင်မာပြီး ကော်စေးများမကပ်ခြင်း၊ ရော်ဘာစေးများကို လွယ်ကူစွာ ခွာယူရရှိခြင်းကြောင့် မြေစဉ့်ခွက်များကို နောက်ပိုင်းတွင် ပြန်လည်ပိုမိုအသုံးပြုလာကြကြောင်း ရော်ဘာစိုက်ပျိုးရေးခြံလုပ်ငန်း လုပ်ကိုင်သူတစ်ဦးက ပြောသည်။

အဆိုပါ မြေစဉ့်ခွက်များသည် ယခင်နှစ်က တစ်လုံးလျှင် ငွေကျပ် ၁၂ဝ သာ ရရှိပြီး ယခုနှစ်တွင် ငွေကျပ် ၂၅ဝ ရရှိလာကာ ရော်ဘာအစေး စထွက်ချိန်ရာသီတွင် အရောင်းအဝယ်သွက်လာ၍ ပြုလုပ်ရောင်းချသူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

Sourse: မြန်မာ့အလင်း

## ပြည်တွင်း/ပြည်ပဈေးကွက်ဝင် အသင့်စားငါးရံ့ခြောက်ဖုတ်လုပ်ငန်း


Source: ကြေးမုံသတင်းစာ

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်သည် မြစ်၊ ချောင်း၊ အင်းအိုင်များ ပေါများပြီး မြေပြန့်ဒေသဖြစ်ကာ လယ်ယာလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများကို အဓိကထား လုပ်ကိုင်လျက်ရှိသော မြို့တစ်မြို့ဖြစ်သည်။

ငါးအစိုမှ ငါးခြောက်အဆင့် ပြုလုပ်ရာတွင် ငါးရံ့အစို (၁၅) ကျပ်သား၊ (၂၀) ကျပ်သား ကောင်များအား ရွေးချယ်ဝယ်ယူ၍ ခေါင်းဖြတ်၊ အူကိုထုတ်ပြီး ကျောခွဲ၊ ဗိုက်ခွဲ၍ အလယ်ရိုး ထုတ်ကာ အပေါ်ရေခွံခွာ၍ ငါးတစ်ကောင်လျှင် ငါး/ခြောက်မြောင်းခွဲစိတ်၍ အိမ်သုံးဆားအနည်းငယ်နှင့်နယ်ပြီး အမြောင်းလိုက် ခြောက်အောင်နေလှန်းရသည်။ လေးရက်နေလှန်းပြီးပါက ခြောက်သွေ့သည့် ငါးခြောက်များ ရရှိသည်။

ငါးရံ့ခြောက်များအား သုံးမိနစ်ခန့်ရေစိမ်ထားပြီးနောက် ရေကိုစစ်ထားကာ မီးသွေးမီးဖိုများတွင် မီးဖုတ်၍ မွလာအောင်ထုရသည်။ ထုမွပြီးသော ငါးခြောက်ဖုတ်များကို မီးသွေးမီးဖိုတွင် သံဆန်ခါခံ၍ တစ်ဖန်ပြန်၍ မီးကင်ရသည်။ မီးကင်ပြီး ကြွပ်ရွလာသော ငါးခြောက်ဖုတ်များအား ဆီဇလုံထဲသို့ ခေတ္တထည့်၍ ဆီဇလုံမှ ဆယ်ယူကာ ဆီစစ်ထားသော ငါးခြောက်ဖုတ်များကို ထည့်သွင်းမည့် ဘူးအရွယ်အစားအလိုက် ချိန်ခွင်နှင့် ချိန်တွယ်၍ ဘူးထဲသို့ထည့်ပြီး လေလုံအောင် Packing Plastic ဖြင့် အလုံပိတ်ကာ ဈေးနှုန်းသတ်မှတ် ရောင်းချသည်။ ငါးရံ့အစို ၁၀ ပိဿာ ကုန်ကျစရိတ်မှာ ငွေကျပ် ၇၅၀၀၀၊ ငါးအစို ၁၀ ပိဿာအား ငါးခွဲလုပ်သားခ၊ နေလှန်းခ၊ မီးဖုတ်ထုသည့် လုပ်သားခ၊ မီးသွေးဖိုး၊ ပဲဆီနှင့် လေးကျပ်သားဝင် ပလတ်စတစ်ဘူး ၁၅ ဘူး ကုန်ကျစရိတ်မှာ ငွေကျပ် ၂၅၀၀၀ ရှိ၍ စုစုပေါင်းကုန်ကျစရိတ် ငွေကျပ် ၁၀၀၀၀၀ ရှိသည်။ ဘေးထွက်ပစ္စည်း ပြန်ရောင်းရငွေမှာ စုစုပေါင်း ငွေကျပ် ၆၇၅၀ ပြန်လည်ရရှိသဖြင့် ပျမ်းမျှ ငွေကျပ် ၃၂၇၅၀ အကျိုးအမြတ်ရရှိသည်။

ငါးရံ့ခြောက်ဖုတ်လုပ်ငန်းမှာ MSMEs ထုတ်ကုန်အမယ်အနေဖြင့် ပြည်တွင်း/ပြည်ပ ဈေးကွက်ဝေစုရရှိနိုင်ပြီး အလားအလာကောင်းသော ထုတ်ကုန်ပစ္စည်းဖြစ်ကြောင်း သိရသည်။

Source: ကြေးမုံသတင်းစာ

## ပြည်တွင်းစားသုံးမှုများပြားသည့် ဆေးဖက်ဝင် ဇမာသံပုရာသီးများ ယခုရာသီတွင် အရောင်းအဝယ်သွက်လက်ကာ ဈေးကောင်းရရှိနေ

ပြည်တွင်းစားသုံးမှုများပြားပြီး ဈေးကွက်ခိုင်မာလျက်ရှိသည့် ဆေးဖက်ဝင် ဇမာသံပုရာသီးများ ယခုရာသီတွင် အရောင်းအဝယ်သွက်လက်ကာ ဈေးကောင်းရရှိနေကြောင်း မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်ရှိ သံပုရာစိုက်ပျိုးသူများထံမှ သိရသည်။

အဆိုပါ သံပုရာစိုက်ပျိုးရာတွင် ဇမာသံပုရာသီး၊ ရှမ်းသံပုရာသီး ၊ မုံရွာသီး၊ သံပုယိုသီး စသည်ဖြင့် အမျိုးအစားခွဲခြား စိုက်ပျိုးထားရှိရာ ယင်းသံပုရာသီးများအနက်မှ ဇမာသံပုရာသီးမှာ တစ်နှစ်ပတ်လုံးထွက်ရှိပြီး ယခုမိုးလယ်သီးအဖြစ် ထွက်ရှိသည့်သံပုရာသီးမှာ ယမန်နှစ်ကထက် ဈေးနှုန်းကောင်းမွန်ကာ အရောင်းအဝယ်သွက်လျက်ရှိကြောင်း၊ လက်ရှိအချိန်တွင် သံပုရာသီးအလုံးသေးတစ်လုံးလျှင် ငွေကျပ် ၈၀ နှင့် အလုံးကြီးတစ်လုံးလျှင် ငွေကျပ် ၁၀၀ ဈေး ရောင်းချရကာ ဈေးကောင်းရရှိနေကြောင်း စဉ့်ကိုင်မြို့နယ် မင်းကိုင်းကျေးရွာမှ သံပုရာခြံပိုင်ရှင် ဒေါ်မြို့မြို့ဝင်းက ပြောသည်။

“ဇမာသံပုရာသီးက ပြည်တွင်းဈေးကွက်မှာ ပုံမှန်အတိုင်း အရောင်းအဝယ်ကောင်းနေပါတယ်။ ကဆုန်၊ နယုန်လအတွင်းမှာ မိုးဦးသီးအနေနဲ့ လှိုင်လှိုင်ထွက်ပေါ်လာပြီး တစ်လုံးကို ငွေကျပ် ၁၀၊ ၁၅ ကျပ် လောက်ပဲရှိပေမယ့် အခုလို သီတင်းကျွတ်၊ တန်ဆောင်မုန်းလောက်ကစပြီး ဈေးနှုန်းက တရိပ်ရိပ်တတ်လာတယ်။ တပေါင်း၊ တန်ခူးမှာတော့ မိုးနှောင်းသီးအနေနဲ့ အထွက်နှုန်းနည်းသွားတဲ့အပြင် ပူပြင်းတဲ့ရာသီအတွက် ဆေးဖက်ဝင်အဖြစ် အသုံးပြုမှု များလာတာကြောင့် တစ်လုံးကို ၁၈၀ ကနေ ၂၀၀ အထိ အမြင့်ဆုံးဈေးအနေနဲ့ ရောင်းချရပါတယ်။ ဇမာသံပုရာသီးဟာ မိုးဦးသီး၊ မိုးလယ်သီး၊ မိုးနှောင်းသီး ဆိုပြီး ရှိတဲ့အနက်မှာ မိုးဦးသီးက အထွက်နှုန်းကောင်းမွန်ခြင်းနဲ့အတူ အသီးကြွေကျခြင်းများလည်း ဖြစ်ပေါ်လေ့ရှိသည့် အတွက် ကြွေကျတဲ့အသီးတွေကို သံပုရာချဉ်ပြုလုပ်ပြီး တစ်ပိဿာကို ငွေကျပ် ၃၀၀၀ နှုန်းနဲ့ ရောင်းချရပါတယ်” ဟု ၎င်းက ရှင်းပြသည်။

အဆိုပါ ဇမာသံပုရာသီးကို မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စဉ့်ကိုင်မြို့နယ်နှင့် ဒုဋ္ဌဝတီကမ်းဘေးတစ်လျှောက်ရှိ ကျေးရွာများတွင် အဓိကစိုက်ပျိုးထွက်ရှိကာ ပြည်တွင်းဈေးကွက်သို့ ရောင်းချရကြောင်း၊ ယခုနှစ် သံပုရာသီးဈေးမှာ တစ်နေ့ထက်တစ်နေ့ ဈေးပိုမိုတက်လာကာ ဆက်လက်၍ ဈေးနှုန်းများတက်လာရန် အလားအလာကောင်းများ ရှိနေကြောင်း သိရသည်။

Source: ကြေးမုံသတင်းစာ

# STOCK EXCHANGE (3.11.2022)

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 3rd Nov. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,100 | -100 | -1.09% | 9,100 | 9,200 | 9,100 | 635 | 5,779,500 | 33,109,694 | 301,298 |
| MTSH | 00002 | 3,300 | -100 | -2.94% | 3,400 | 3,400 | 3,300 | 7,495 | 25,052,550 | 38,929,150 | 128,466 |
| MCB | 00003 | 7,700 | +0 | +0.00% | 7,700 | 7,700 | 7,700 | 97 | 746,900 | 10,400,986 | 80,088 |
| FPB | 00004 | 19,500 | +0 | +0.00% | 19,500 | 19,500 | 19,500 | 11 | 214,500 | 2,472,053 | 48,205 |
| TMH | 00005 | 2,750 | +0 | +0.00% | 2,750 | 2,750 | 2,750 | 0 | 0 | 12,823,224 | 35,264 |
| EFR | 00006 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 800 | 2,160,000 | 19,977,223 | 53,939 |
| AMATA | 00007 | 5,100 | +100 | +2.00% | 5,100 | 5,100 | 5,100 | 350 | 1,785,000 | 10,497,598 | 53,538 |


## Market summary

As of 3rd Nov. 2022

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 402.85 | -3.53 | -0.87% | 404.48 | 405.26 | 402.85 | 9,388 | 35,738,450 | 7 | 700,798 |

**Index chart**




## Market Overview

### Main Board

As of 1:00 pm, 3rd Nov. 2022

| MYANPIX | 402.85 ▼ 3.53 |
|---|---|
| Total Volume (shares) | 9,388 |
| Total Value (MMK) | 36 mil |
| Listed Company | 7 |
| Market Cap. (MMK) | 700,798 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,100 | ▼ 100 |
| MTSH | 00002 | 3,300 | ▼ 100 |
| MCB | 00003 | 7,700 | ▲ 0 |
| FPB | 00004 | 19,500 | ▲ 0 |
| TMH | 00005 | 2,750 | ▲ 0 |
| EFR | 00006 | 2,700 | ▲ 0 |
| AMATA | 00007 | 5,100 | ▲ 100 |